အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန

ပြောခွင့်ရပုဂ္ဂိုလ်ရုံး

ချက်ချင်းထုတ်ပြန်ရန်

နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ် အာ ပွန်ပဲယိုး ၏ကြေညာချက်

ဧပြီလ ၈၊ ၂၀၂၀

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရပ်ခြားအကူအညီပေးရေးအစီအစဉ်၏ ထပ်တိုးအကူအညီဖြင့် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါအား တုံ့ပြန်ဖြေရှင်းရာတွင် အမေရိကန်က ဆက်လက်ဦးဆောင်ခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါ တုံ့ပြန်တိုက်ဖျက်ရာတွင် အမေရိကန်ပြည်သူများ၏ ပြိုင်ဘက်ကင်းသော ရက်ရောသည့် စေတနာနှင့် အမေရိကန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူ့ကျန်းမာရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းမှု ကဏ္ဍတွင် ဆက်လက် ဦးဆောင်နေပါသည်။ ကျွန်တော်တို့သည် ကမ္ဘာတစ်လွှားရှိ တုံ့ပြန်ဖြေရှင်းမှုဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများကို ထပ်မံအရှိန်မြင့်တင်လုပ်ဆောင်ရန်အတွက် ကျန်းမာရေး၊ လူသားချင်းစာနာမှုဆိုင်ရာနှင့် စီးပွားရေးအကူအညီကဏ္ဍတွင် နောက်ထပ် ဒေါ်လာ ၂၂၅ သန်း အကူအညီပံ့ပိုးမှုနှင့်အတူ ယင်းဦးဆောင်မှုကို တည်ဆောက်လျက်ရှိပါသည်။

ဤအကူအညီသစ်သည် ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ခွဲဝေသတ်မှတ်ပြီးဖြစ်သည့် ဒေါ်လာ ၂၇၄ သန်းနီးပါး ယခင်အကူအညီအပြင် ထပ်တိုးအကူအညီဖြစ်ပါသည်။ ၎င်းအကူအညီသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ အတွင်း အမေရိကန်ပြည်ထောင်စုက ကမ္ဘာတစ်လွှား ကူညီပံ့ပိုးခဲ့သည့် ကျန်းမာရေးအကူအညီ တစ်ခုတည်း၏ စုစုပေါင်းပမာဏဒေါ်လာ ၁၄၀ ဘီလီယံအပြင် ထပ်မံပေးအပ်ခြင်းဖြစ်ပါသည်။ အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာတစ်လွှားရှိ ကျန်းမာရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ဖြည့်ဆည်း ပံ့ပိုးမှုကဏ္ဍတွင် ဦးဆောင်နိုင်ငံဖြစ်သည်မှာ အငြင်းပွားဖွယ်ရာ မရှိပေ။

ကျွန်တော်တို့၏ ကိုဗစ်-၁၉ အကူအညီပေးရေးအစီအစဉ်ကို ရောဂါရှာဖွေစစ်ဆေးမှုမှတဆင့် ဗိုင်းရပ်စ်ပြန့်ပွားမှုအားလျှော့ချရာတွင် အကူအညီပေးခြင်း၊ ဆေးရုံဆေးပေးခန်းများ၌ ကူးစက်မှုများကို ကာကွယ်တားဆီးခြင်းနှင့် ထိန်းချုပ်ခြင်း၊ အရေးပေါ် ကျန်းမာရေးစနစ်များကို ကြိုတင်ပြင်ဆင်ခြင်းနှင့် စွမ်းဆောင်ရည်မြင့်တင်ခြင်း၊ ဓာတ်ခွဲခန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်းထမ်းများကို လေ့ကျင့်သင်တန်းများ

ပေးခြင်းနှင့် အခြားကဏ္ဍရပ်များစွာအပေါ်တွင် အာရုံစိုက်လုပ်ဆောင်ပါသည်။ ဤလုပ်ဆောင်မှုအားလုံးသည် နိုင်ငံရပ်ခြားတွင်နေထိုင်သော အမေရိကန်နိုင်ငံသားများအပေါ် ကျရောက်နိုင်သည့် နောက်ဆက်တွဲအကျိုးသက်ရောက်မှုများကို လျော့ပါးသွားစေရန်နှင့် ပြည်တွင်းနေ အမေရိကန်များအတွက် ကျွန်တော်တို့၏ နိုင်ငံဖြတ်ကျော်ဝင်ရောက်သည့် နောက်ထပ်ကူးစက် ပြန့်ပွားမှုမှ ကောင်းစွာ ကာကွယ်ရာ၌ တုံ့ပြန်လုပ်ဆောင်ရန် အားထုတ်မှုဖြစ်ပါသည်။

ကမ္ဘာ့ကပ်ရောဂါသည် နိုင်ငံနယ်နမိတ်များကို အလေးမထားပါ။ ကမ္ဘာ့ကျန်းမာရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ကဏ္ဍတွင် အမေရိကန်ပြည်ထောင်စု၏ ဆယ်စုနှစ်ပေါင်းများစွာ ဦးဆောင်ခဲ့မှုများကတစ်ဆင့် ပါးနပ်မှုနှင့် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများက အမိမြေကို ကာကွယ်ရာတွင် အရေးပါကြောင်း ကျွန်တော်တို့ သိထားပါသည်။ သမိုင်းက သက်သေပြခဲ့ပြီးဖြစ်သည်နှင့်အညီ ကျွန်တော်တို့သည် ကပ်ရောဂါများကို မိမိတို့နိုင်ငံအတွင်း၌ တိုက်ခိုက်နိုင်ပြီး ၎င်းပျံ့နှံ့မှုဖြစ်ပေါ်နေသည့် အခြားနိုင်ငံများကိုလည်း အကူအညီပေးနိုင်ပါသည်။

အရေးကြီးဆုံးအချက်မှာ အမေရိကန်ပြည်သူများအတွက် လွန်စွာအရေးကြီးသော အထောက်အပံ့ပစ္စည်းများကို လမ်းကြောင်းလွှဲ၍ ယူဆောင်ခြင်းမဟုတ်ဘဲ ပြည်ပရှိ ကျွန်တော်တို့၏ မိတ်ဖက် နိုင်ငံများသို့ ထိရောက်သော အကူအညီများကို ပံ့ပိုးပေးနိုင်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုအတွင်း အရေးကြီးသော ဆေးဝါးပစ္စည်း အားလုံး ပြည်တွင်း လိုအပ်ချက်ပြည့်မီသည်အထိ ကျွန်တော်တို့ ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၊ ကျန်းမာရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဌာန၏ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးဌာန၊ အမေရိကန် ဘဏ္ဍာရေးဖွံ့ဖြိုးမှုကော်ပိုရေးရှင်းနှင့် အခြားဌာနများစွာအပါအဝင် အမေရိကန်အစိုးရအဖွဲ့များအားလုံး အတူတကွပူးပေါင်းဆောင်ရွက်နေပြီး အကူအညီကို အလိုအပ်ဆုံးနှင့် အကြီးမားဆုံးအကျိုး သက်ရောက်မှုရှိသည့် နိုင်ငံများကို ဦးစားပေးကူညီရန်အတွက် G7 စက်မှုထိပ်သီးနိုင်ငံများအတွင်းရှိ ကျွန်ုပ်တို့၏ မိတ်ဖက်နိုင်ငံများ၊ အခြားအဖွဲ့အစည်းပေါင်းစုံများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

အမေရိကန်ပြည်သူများအနေဖြင့် အစိုးရကတစ်ဆင့်သွားရသော နည်းလမ်းများဖြင့်သာ အကူအညီများကို ပံ့ပိုးပေးနေခြင်းမဟုတ်ပါ။ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများ၊ အကျိုးအမြတ်မယူသောအဖွဲ့အစည်းများနှင့် ယုံကြည်ချက်ကို အခြေခံသောအဖွဲ့အစည်းများကတဆင့် ကမ္ဘာတစ်လွှား ပျံ့နှံ့လျက်ရှိသော ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ၏ သက်ရောက်မှုကို ခံစားရသူများအတွက် ဒေါ်လာ ၁.၅ ဘီလီယံကို အမေရိကန်ပြည်သူများက အတူတကွ ရက်ရောစွာ လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့ အမေရိကန်ပြည်သူများအနေဖြင့် လာမည့်ရက်သတ္တပတ်များနှင့် လများအတွင်း ကမ္ဘာ့အမွန်မြတ်ဆုံး လူသားချင်း စာနာထောက်ထားသူများအဖြစ် ယင်းအကူအညီပေးရေး အလုပ်များကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ကြောင်းကိုလည်း ကျွန်တော်သိနေပါသည်။

# # #